# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ စနေနေ့ (18-9-2010) (၆၅၂၅)


## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E.Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E.Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E.Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ပြည်သူအများ အထူးလိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမည့် ရွေးကောက်ပွဲကို ပျက်ပြားရာ ပျက်ပြားကြောင်း ပြုလုပ်ခြင်းသည် ပြည်သူလူထု၏ဆန္ဒကို မလေးမစားပြုရာ ရောက်မည်ဖြစ်။ သို့ပါ၍ ဥပဒေကို မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ပြုမူဆောင်ရွက်ချက်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနိုင်ပါ၍ ယင်းသို့ ငြိစွန်းကြမည်ကို စိုးရိမ်မိပါသဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်။**

ဥပဒေလေ့လာသူတစ်ဦး၏ **"စိုးရိမ်မိပါသည်"**

(ဆောင်းပါး) စာမျက်နှာ - ၇

## အာကာသခရီးသည်များအတွက် ဘိုးအင်းကုမ္ပဏီ ဝန်ဆောင်ပေးမည်

**အင်တာနက် အာကာသ ခရီးသွား သတင်း**

**ဘာသာပြန် တက်လူ**

အတ္တလန္တာ စက်တင်ဘာ ၁၇

အာကာသအတွင်းသို့ အလည်အပတ် သွားရောက်လိုသူများအတွက် ဝန်ဆောင်ပေးမည့် အစီအစဉ်တစ်ရပ်ကို အမေရိကန် ဘိုးအင်း **စာမျက်နှာ ၃ ကော်လံ ၁ သို့**



၁၈-၉-၂၀၁၀
(စနေနေ့)

## ဒေသဖွံ့ဖြိုး ဝင်ငွေတိုးမည့် လက်ဖက်စိုက်ပျိုး

နိုင်ငံတစ်ဝန်း၌ ရေ၊ မြေ၊ ရာသီဥတုမျှတ ကောင်းမွန်သဖြင့် သီးနှံစုံ စိုက်ပျိုး အကျိုးဖြစ်ထွန်းနေသည်။ မြစ်ဝကျွန်းပေါ်နှင့် မြေပြန့်ဒေသများတွင် အဓိကမိုးစပါးနှင့် နွေစပါးများ စိုက်ပျိုးနေကြသည်။ ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများလည်း စိုက်ပျိုးလျက်ရှိသည်။ ထို့အတူ ကုန်းမြင့်မြေယာများတွင် လက်ဖက်၊ ကော်ဖီ၊ ထောပတ်၊ သရက် စသည့် နှစ်ရှည်ပင်များ တိုးချဲ့စိုက်ပျိုးနေကြပြီ။

လက်ဖက်သည် အများအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ ကျော် မြင့်မားသောဒေသများတွင် စိုက်ပျိုးအောင်မြင်သည်။ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး စသည့် ဒေသများတွင် ရာသီဥတုနှင့် ကိုက်ညီဖြစ်ထွန်းသည့် လက်ဖက်ကို ပိုမိုစိုက်ပျိုးနေကြပြီ။ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ်သည် စီးပွားဖြစ် လက်ဖက်စိုက်ပျိုးသည့် ဒေသဖြစ်ပြီး တစ်နိုင်ငံလုံးရှိ လက်ဖက်စိုက်ပျိုးဧက၏ ၈၀ ရာခိုင်နှုန်း ခန့်ရှိသည်။

ချင်းပြည်နယ်တွင် လက်ဖက်ဧက တစ်သောင်းခန့် စိုက်ပျိုးခဲ့ပြီး နှစ်စဉ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းနေကြပြီ။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် လက်ဖက်အထူးဇုန်အဖြစ် သတ်မှတ်စိုက်ပျိုးလျက်ရှိသည်။ ချင်းတွင်းမြစ်ဘေးတစ်လျှောက် ကျေးရွာအုပ်စုများတွင် အများဆုံး စိုက်ပျိုးနေကြသည်။

ယခုအခါ ကချင်ပြည်နယ် ပူတာအိုခရိုင်ကို လက်ဖက်ခရိုင်ဖြစ်ရေး မျှော်မှန်း စိုက်ပျိုးနေသည်။ သက်ဆိုင်ရာဌာနတို့က လက်ဖက်မျိုးပွားခြင်း၊ လက်ဖက်ပျိုးပင်များ မျိုးပွားခြင်းဆိုင်ရာ သုတေသနလုပ်ငန်းများပြုလုပ်၍ ဒေသခံတောင်သူများနှင့် ပူးပေါင်းစိုက်ပျိုးနေကြပြီ။ နည်းပညာနှင့်အရင်းအနှီးများ ပေါင်းစပ်ပြီး စီးပွားဖြစ် လက်ဖက်စိုက်ခင်းကြီးများ ထူထောင်စိုက်ပျိုးထုတ်လုပ်ကြခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ပေမည်။

လက်ဖက်ကို ရေနွေးကြမ်းအဖြစ် သောက်သုံးရုံမျှမက အလှကုန်နှင့် လူသုံးကုန် ပစ္စည်းများတွင်လည်း ကုန်ကြမ်းအဖြစ် ထည့်သွင်းအသုံးပြုနိုင်သည်။ ဈေးကွက်ရှိသည့် လက်ဖက်ကို အရေအတွက်ရော အရည်အသွေးပါ တိုးတက်ကောင်းမွန်စေရေး၊ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းကြရပေမည်။

ဒေသခံတိုင်းရင်းသား စိုက်ပျိုးလုပ်ကိုင်သူများအနေဖြင့် လက်ဖက်စိုက်ပျိုးဖြစ်ထွန်းနိုင်သော ကုန်းမြင့်မြေယာများတွင် စီးပွားဖြစ် လက်ဖက်စိုက်ခင်းကြီးများ ထူထောင်၍ အရည်အသွေးကောင်း လက်ဖက်များ တိုးမြှင့်ထုတ်လုပ်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုး ဝင်ငွေတိုး အကျိုးရလဒ်ကောင်းများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယစီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar ခေါင်းဆောင်သော အိန္ဒိယစီးပွားရေးကိုယ်စားလှယ်အဖွဲ့ Indian Chamber of Commerce, Kolkata သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr . VS Seshadri နှင့်အတူ စက်တင်ဘာ ၁၄ ရက် နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**လာရောက်တွေ့ဆုံ**

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား အိန္ဒိယသမ္မတနိုင်ငံ ပါလီမန်အမတ် Mr. Mani Shanker Aiyar ခေါင်းဆောင်သော အိန္ဒိယစီးပွားရေးကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (လယ်/ဆည်)

## ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များ အောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီး ဦးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာ၌ ဦးစီးဌာန၊ လုပ်ငန်းဌာနများသည် နိုင်ငံတော်စီးပွား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ကြရာတွင် အဓိကအရေးပါသည့် ဌာနများဖြစ်သဖြင့် လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ မှန်မှန်ကန်ကန် ဖြစ်ကြရန်လိုအပ်ကြောင်း၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးနှင့် အခွန်စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရာတွင်လည်း ရိုးဖြောင့်မှန်ကန်စွာဖြင့် တာဝန်သိသိ၊ သစ္စာရှိရှိဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ ဌာနတာဝန်ခံများအနေဖြင့် လျာထားချက် ပြည့်မီကျော်လွန်သည်ဟူသော အခြေအနေတွင် တင်းတိမ်ရောင့်ရဲမနေဘဲ ဌာနအလိုက် ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာ ရရှိစေရေး အလေးထားဆောင်ရွက်ကြရန် အထူးမှာကြားလိုကြောင်း အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဌာနဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အမှာစကားပြောကြား**

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးလှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဘဏ္ဍာနှစ်အတွင်း ရည်မှန်းချက်များ အောင်မြင်စေရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (ဘဏ္ဍာ/အခွန်)

**ထာဝရဆေးပဒေသာပင်**

**ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၅၂)လမ်းနေ ကွယ်လွန်သူ ဖခင်ကြီးအား ရည်စူး၍ သမီးကြီး ဒေါ်ကြင်တီ (မြန်မာနိုင်ငံ စာစစ်အဖွဲ့-ငြိမ်း)နှင့် ညီမများ၊ မြေး-ဦးသီဟဇော် (စက်မှု-၁)တို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းစဉ်။**

(ကြေးမုံ)

## ရွှေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲ မုဒုံမြို့၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီတွင် မုဒုံမြို့ ရွှေဟသ်ာခန်းမ၌ ကျင်းပရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးပါလေးက အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ် ဥပဒေအရာရှိ ဦးစိုးနိုင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို လည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းဇော်ဦးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းညွှန်ကြားချက်များကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပို့ချကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ဆန္ဒမဲပေးပုံ သရုပ်ပြခြင်းကို လက်တွေ့ဆောင်ရွက် ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား ရွှေဘိုခရိုင်အတွင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာအုပ်စုရှိ လယ်သမားကြီး ဦးကျော်ဝင်း၏ လယ်မြေ သုံးဧကနှင့် ဆက်စပ်ဧရိယာ ဧက ၁၇၀ အတွင်း၌ ကျင်းပရာ**(ဓါတ်ပုံ)** ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူလယ်သမားများက ငါးခုံးမကြီး ကောင်ရေ ၅၀၀၀၀ နှင့် တီလားပီးယား ကောင်ရေ ၃၅၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ရှိ ဧရာဝတီမြစ်ဆိပ်အနီး၌ ကျင်းပသည်။

အခမ်းအနားတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရေလုပ်သားများက ငါးမြစ်ချင်းကောင်ရေ တစ်သိန်းနှင့် ငါးခုံးမကြီးကောင်ရေ ငါးသောင်းတို့ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## လက်ခံတွေ့ဆုံ

**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Ye Dabo အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr.Ye Dabo အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Ye Dabo အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E. Mr. He Yong အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

# စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း) ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ပုသိမ်ခရိုင် သာပေါင်းတပ်နယ်ခန်းမ၌ သာပေါင်းတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများနှင့် တွေ့ဆုံ၍ တပ်ဖွဲ့ဝင်မိသားစုများအား ကျောင်းသုံးဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ ပေးအပ်သည်။**

ထို့နောက် အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း သာပေါင်းစက်ရုံစုနယ်မြေရှိ စက္ကူနှင့် ပျော့ဖတ်စက်ရုံ(သာပေါင်း)သို့ ရောက်ရှိပြီး စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ယင်းနောက် ပုသိမ်-ငွေဆောင်လမ်း မိုင်တိုင်အမှတ်(၁၁)ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်လှမင်းက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❍ ကျောဖုံးမှ**

ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးက ဧည့်သည်တော် H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား ညပိုင်းတွင် မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း သာပေါင်းတပ်နယ်ခန်းမ၌ သာပေါင်းတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုများအား အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

# ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ကျေးလက်ရေပေးရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၁၇**

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ(လက်ထောက်ညွှန်ကြားရေးမှူး) ဦးသန်းလင်းထွန်းနှင့် ဝန်ထမ်းများသည် စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့ရှိ နဒီသောင်ယံပန်းခြံအတွင်း ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ပန်းအလှပင်စိုက်ပျိုးခြင်းများကို စုပေါင်းဆောင်ရွက်ကြပြီး စက်တင်ဘာ ၁၆ ရက်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေးလုပ်ငန်းများ၌ သိုင်းချောင်းကျေးရွာအတွက် မြေသားရေလှောင်ကန် တူးဖော်နေမှုကို ကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# သတ္တမအကြိမ် သက်ကြီးနာမကျန်း သဘော်သားဟောင်းကြီးများအား ထောက်ပံ့ကြေးပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ ပင်လယ်ကူးသဘော်သားများအသင်းက သတ္တမအကြိမ် သက်ကြီးနာမကျန်း သဘော်သားဟောင်းကြီးများအား ထောက်ပံ့ကြေးပေးအပ်ပွဲကို အောက်တိုဘာ၂ ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၄/၁)ရှိ အဏ္ဏဝါမွေရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**✳ရှေ့ဖုံးမှ**

လေကြောင်း အာကာသကုမ္ပဏီက အကောင်အထည်ဖော်မည်ဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီ၏ စက်တင်ဘာ ၁၆ ရက်သတင်းကြေညာချက်တွင် ဖော်ပြသည်။

အမေရိကန် အာကာသအစီအစဉ်(နာဆာ)အတွက် သုတေသနပြု တည်ဆောက်လျက်ရှိသော အာကာသယာဉ်တစ်စင်းကို ဘိုးအင်းကုမ္ပဏီက ထုတ်လုပ်မည်ဖြစ်သည်။

**သဘောတူ**

ဘိုးအင်းကုမ္ပဏီ၏CST-100 အာကာသယာဉ်ဖြင့် အာကာသအတွင်းသို့ အလည်အပတ် သွားရောက်လိုသူများအတွက် အခကြေးငွေရယူကာ ပို့ဆောင်ပေးမည့်လုပ်ငန်းကို ပူးတွဲအကောင်အထည်ဖော်ရန် ယင်းကုမ္ပဏီနှင့် ဗာဂျီးနီးယားပြည်နယ်အခြေစိုက် Space Adventures အမည်ရှိ အာကာသခရီးသွားလုပ်ငန်းကုမ္ပဏီနှင့် သဘောတူညီချက်ရရှိကြပြီဖြစ်သည်။

ခရီးသည်များသည် ကမ္ဘာမြေပြင်နှင့် အနီးဆုံးကမ္ဘာပတ်လမ်းကြောင်းအတွင်း လှည့်လည်ကြည့်ရှုနိုင်မည် ဖြစ်သည်။ တစ်နည်းအားဖြင့် ခရီးသည်များသည် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၂၀၀၀ အမြင့်ရှိ အာကာသအတွင်း လှေ့လာနိုင်မည်ဖြစ်သည်။

အာကာသလေ့လာရေးခရီးစဉ်ပျံသန်းမှုကို အစောဆုံး ၂၀၁၅ ခုနှစ်တွင် စတင်နိုင်မည်ဟု ဘိုးအင်းကုမ္ပဏီက ပြောကြားသည်။ CST-100 အာကာသယာဉ်နှင့်အတူ အာကာသခရီးသည် ခုနစ်ဦး လိုက်ပါနိုင်မည်ဖြစ်သည်။အာကာသလေ့လာရေးခရီးစဉ်နှင့်အတူ လိုက်ပါလိုသူများသည် ငွေကြေး မည်ရွေ့မည်မျှ ပေးရမည်ကို သတ်မှတ်ရခြင်းမရှိသေးပေ။

ကနေဒါနိုင်ငံမှ ကုမ္ပဏီပိုင်ရှင်တစ်ဦးသည် ရုရှားအာကာသယာဉ်နှင့်အတူ အာကာသသို့ လိုက်ပါနိုင်ရန် အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် ပေးခဲ့ရသည်။

***အင်တာနက်။***

ရုရှားနိုင်ငံက အလိုရှိနေသည့် ချေချင်းခွဲထွက်ရေး ဝါဒီ အက်ခ်မက် ဇာကာယက်ဗ်

# ချေချင်းခွဲထွက်ရေးဝါဒီ နိုင်ငံတကာ ဖမ်းဝရမ်းအရ ပိုလန်ရဲတပ်ဖွဲ့ ဖမ်းဆီး

**ဝါဆော စက်တင်ဘာ ၁၇**

ရုရှားနိုင်ငံက အလိုရှိသော ချေချင်းခွဲထွက်ရေးဝါဒီ အက်ခ်မတ်ဇာကာယက်ဗ်ကို ပိုလန်ရဲတပ်ဖွဲ့ဝင်များက နိုင်ငံတကာ ဖမ်းဝရမ်းအရ ဖမ်းဆီးခဲ့ကြောင်း စက်တင်ဘာ ၁၇ ရက် သတင်းများတွင် ဖော်ပြသည်။

**စစ်ဆေးမေးမြန်း**

ဇာကာယက်ဗ်ကို ဝါဆောမြို့ရှိ နေအိမ်တစ်လုံးမှ ထွက်ခွာလာစဉ် သောကြာနေ့ နံနက်ပိုင်းတွင် ပိုလန်ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ပိုလန် အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ ၎င်းကို ပိုလန်တရားရေးတာဝန်ရှိသူများက စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။

ဇာကာယက်ဗ်သည် ဗြိတိန်နိုင်ငံ၌ နေထိုင်သူဖြစ်ပြီး ချေချင်းညီလာခံတစ်ခုသို့ တက်ရောက်ရန် ပိုလန်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

**လိုက်နာဆောင်ရွက်**

ပိုလန် အာဏာပိုင်များသည် ယခင်က ချေချင်းခွဲထွက်ရေးဝါဒီများကို ထောက်ပံ့မှုအနည်းငယ်ပေးခဲ့ဖူးသော်လည်း နိုင်ငံတကာဖမ်းဝရမ်းကိုမူ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ပိုလန်အမျိုးသားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

*အေအက်ဖ်ပီ။*

# မတော်တဆပေါက်ကွဲမှုတစ်ရပ်ကြောင့် သီရိလင်္ကာတွင် လူ ၂၅ ဦးသေဆုံး

**ကိုလံဘို စက်တင်ဘာ ၁၇**

သီရိလင်္ကာနိုင်ငံ အရှေ့ပိုင်းတွင် လမ်းဖောက်လုပ်ရေးအတွက် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသော ကုန်တင်ယာဉ်သုံးစီး သောကြာနေ့က မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူ ၂၅ ဦးသေဆုံးကြောင်း သီရိလင်္ကာအစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါပေါက်ကွဲမှုသည် သီရိလင်္ကာနိုင်ငံအရှေ့ပိုင်း ဘက်တီကာလိုအာခရိုင်တွင် ဖြစ်ပွားခဲ့ပြီး သေဆုံးသူများထဲတွင် တရုတ်လူမျိုးနှစ်ဦးလည်းပါဝင်ကြောင်း သတင်းတွင်ဖော်ပြသည်။

သီရိလင်္ကာစစ်ဘက်၏အဆိုအရ တရုတ်ကုမ္ပဏီတစ်ခုက လမ်းဖောက်လုပ်ရာတွင် အသုံးပြုမည့် ယမ်းဘီလူးများကို တင်ဆောင်ထားသော ကုန်တင်ယာဉ်သုံးစီးသည် လုံခြုံရေးအကြောင်းပြချက်ဖြင့် ရဲစခန်းတစ်ခုရှေ့တွင် ရပ်ထားရာမှ ရုတ်တရက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ပေါက်ကွဲမှုကြောင့် သေဆုံးသူများထဲတွင် အများစုမှာ ရဲတပ်ဖွဲ့အရာရှိများဖြစ်ကြောင်း သိရသည်။

**မတော်တဆဖြစ်**

ဖြစ်စဉ်ဖြစ်ပွားရာဒေသသည်ယခင်က သီရိလင်္ကာအစိုးရကို ဆန့်ကျင်သော တမီလ်ကျားသူပုန်များကြီးစိုးခဲ့ဖူးရာ ဒေသဖြစ်သော်လည်း ယခုပေါက်ကွဲမှုသည် မတော်တဆဖြစ်ပွားခဲ့ခြင်းသာဖြစ်ကြောင်း သီရိလင်္ကာ စစ်ဘက်ကပြောကြားသည်။

*အေပီ။*

သီရိလင်္ကာနိုင်ငံတွင် စက်တင်ဘာ ၁၇ ရက်က ဖြစ်ပွားခဲ့သော ဖောက်ခွဲရေးပစ္စည်းတင် ယာဉ်များ မတော်တဆ ပေါက်ကွဲခဲ့မှု မြင်ကွင်း။ (ဓာတ်ပုံ-ဆင်ဟွာ)

# အကြမ်းဖက်တိုက်ခိုက်မှု ဘေးအန္တရာယ် ဗြိတိသျှ ထောက်လှမ်းရေးအဖွဲ့ သတိပေး

**လန်ဒန် စက်တင်ဘာ ၁၇**

ဆိုမာလီနိုင်ငံရှိ အကြမ်းဖက်မှု လေ့ကျင့်ရေးစခန်းများ၌ လေ့ကျင့်ခဲ့ကြသည့် ဗြိတိန်နိုင်ငံသားများသည် မိမိတို့နိုင်ငံအတွင်းမှာပင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကြောင်း ဗြိတိသျှထောက်လှမ်းရေးအဖွဲ့ဖြစ်သော အမ်အိုင်-၅ အဖွဲ့ အကြီးအကဲက ယနေ့သတိပေးလိုက်သည်။

ဗြိတိန်နိုင်ငံအတွင်း အစွန်းရောက်နိုင်ငံသားများ ရှိနေကြောင်း၊ ၎င်းတို့သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့အစည်း၏ သြဇာသက်ရောက်မှုကို ခံယူရရှိနေသူများဖြစ်ကြပြီး ၎င်းတို့နေထိုင်ရာ နိုင်ငံအတွင်းမှာပင် တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ကြောင်း ထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဂျိုနသန်အီမန်က ပြောကြားသည်။

အယ်လ်ခိုင်ဒါအဖွဲ့သည် ပါကစ္စတန်နိုင်ငံ၏ လူမျိုးစုတိုင်းရင်းသားများနေထိုင်သော ဒေသများမှသည် ဆိုမာလီနိုင်ငံသို့ စိမ့်ဝင် ထိုးဖောက်ခဲ့ပြီဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဆိုမာလီနိုင်ငံတွင် အယ်လ်ခိုင်ဒါအဖွဲ့နှင့် ဆက်နွယ်မှုရှိသော အယ်လ်ရှာဘက် လှုပ်ရှားမှုအဖွဲ့၏ စခန်းများတွင် ဗြိတိန်နိုင်ငံသားများ လေ့ကျင့်မှုပြုလုပ်ခဲ့ကြကြောင်း၊ ၎င်းတို့သည် ဆိုမာလီနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် အဆိုပါအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက် နေခြင်းဖြစ်ကြောင်း၊ သို့ရာတွင် နောင်တစ်ချိန်ချိန်တွင် ၎င်းတို့ကိုယ်တိုင် ဗြိတိန်နိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာနိုင်ဖွယ် ရှိသည်ဟု ယူဆရကြောင်း ဂျိုနသန်က ပြောကြားသည်။

အယ်လ်ခိုင်ဒါ အဖွဲ့သားများသည် ယခုအခါ ယီမင်နိုင်ငံမှ ဆိုမာလီနိုင်ငံသို့ ရွှေ့ပြောင်းကာ လှုပ်ရှားလာနေကြကြောင်း ၎င်းက ပြောကြားသည်။ *အမ်အင်အေ၊ ရိုက်တာ။*

# တီဘီရောဂါကို တစ်နာရီအတွင်း အဖြေထုတ်ပေးနိုင်မည့် စမ်းသပ်မှု ဗြိတိသျှပညာရှင်များလုပ်ဆောင်

လန်ဒန် စက်တင်ဘာ ၁၇ - **တီဘီရောဂါပိုး ရှိ၊ မရှိကို တစ်နာရီအတွင်း ခွဲခြမ်း စိတ်ဖြာ ဖော်ထုတ်ပေးနိုင်မည့် သိမ်မွေ့သော စမ်းသပ်မှုတစ်ရပ်ကို ဗြိတိသျှသိပ္ပံပညာရှင်များ လုပ်ဆောင်ခဲ့ကြကြောင်း စက်တင်ဘာ ၁၅ ရက် သတင်းများတွင် ဖော်ပြသည်။**

အဆိုပါ စမ်းသပ်မှုကို ကျန်းမာရေး ကာကွယ်စောင့်ရှောက် မှု အေဂျင်စီ(အိတ်ချ်ပီအေ)မှ သိပ္ပံပညာရှင်များက လုပ်ဆောင် ခဲ့ကြခြင်းဖြစ်သည်။ ယခုစမ်းသပ်မှုသည် တီဘီရောဂါ အမြစ်တွယ်ပျံ့နှံ့မှုအားလုံးကို ထောက်လှမ်းနိုင်ပြီး ကမ္ဘာတစ်ဝန်း တီဘီရောဂါ ဖြစ်ပွားမှုနှင့် အကျိုးဆက်နှစ်ခုလုံးကို လျှော့ချနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

**၁ ဒသမ ၃ သန်း သေဆုံးခဲ့**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အစီရင်ခံစာ အရ ၂၀၀၈ ခုနှစ် အတွင်း ကမ္ဘာတစ်ဝန်း၌ တီဘီရောဂါကြောင့် ခန့်မှန်းခြေ ဝေဒနာသည် ၁ ဒသမ ၃ သန်း သေဆုံးခဲ့ရကြောင်း သိရသည်။

လက်ရှိ စံထားသုံးစွဲသော တီဘီရောဂါ စမ်းသပ်စစ်ဆေးမှုမှာ လူ၏အဆုတ်တွင်းမှ ထွက်ပေါ်လာသော သလိပ်ကိုယူကာ ဓာတ်ခွဲခန်း၌ အဏုဇီဝပိုးမွှားများကို ယင်းသလိပ်အတွင်း ရှင်သန်ပေါက်ပွားစေပြီး ဗက်တီးရီးယား ပိုးအမျိုးအစားကို ဆန်းစစ်လေ့လာသည့်နည်းဖြစ်သည်။

သို့ရာတွင် အဆိုပါ ရောဂါစစ်ဆေးမှုသည် ရောဂါလက္ခဏာ ခွဲခြားနိုင်ရန်အတွက် ရက်သတ္တရှစ်ပတ်မျှ အချိန်ယူရခြင်းကြောင့် ကြားချိန်များအတွင်း တီဘီပိုးရှိသူထံမှ အခြားသူများထံသို့ ရောဂါကူးစက်နိုင်သည့် အလားအလာများကြောင်း သိရသည်။

*အင်တာနက်။*

# မက္ကဆီကို ဓာတ်ပုံသတင်းထောက် သေနတ်သမားများကြောင့် သေဆုံး

**စီယူဒတ်ဂျူအာရက်ဇ် စက်တင်ဘာ ၁၇**

မူးယစ်ဂိုဏ်းများအကြား တိုက်ပွဲများ မကြာခဏ ဖြစ်ပွားလေ့ရှိရာ မက္ကဆီကိုနိုင်ငံ စီယူဒတ်ဂျူအာရက်ဇ် မြို့တွင် စက်တင်ဘာ ၁၆ ရက်က သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ဓာတ်ပုံသတင်းထောက် တစ်ဦးသေဆုံးခဲ့ရပြီး အခြားတစ်ဦး ဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဓာတ်ပုံ သတင်းထောက် နှစ်ဦးမှာ ဒီရာရီဟိုဒီဂျူအာရက်ဇ် သတင်းစာတိုက်မှ ဖြစ်ပြီး ၎င်းတို့ စီးနင်းလာသော ကားကို သေနတ်သမားများက ကားနှစ်စီးဖြင့် ကြားဖြတ်ဟန့်တားကာ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

မက္ကဆီကို မူးယစ်ဂိုဏ်းများသည် သတင်းအချက်အလက်စီးဆင်းမှုကို ထိန်းချုပ်ရန် ကြိုးပမ်းသည့် အနေဖြင့် သတင်းစာဆရာများကို အကြမ်းဖက် တိုက်ခိုက်မှုများ ပိုတိုးလုပ်ဆောင်လျက်ရှိသည်။

မက္ကဆီကို သမ္မတ ဖိလစ်ပီ ကယ်ဒရွန်းက စစ်အင်အားနှင့် ပြည်ထောင်စု ရဲတပ်ဖွဲ့ကို နိုင်ငံတစ်ဝန်းဖြန့်ကြက်၍ မူးယစ်ဂိုဏ်းများကို စတင်နှိမ်နင်းခဲ့ချိန် ၂၀၀၆ ခုနှစ် ဒီဇင်ဘာလမှစ၍ မက္ကဆီကို သတင်းစာ ဆရာ ၂၂ ဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် သတင်းစာဆရာများကာကွယ်ရေးကော်မတီ၏ စောစောပိုင်း အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားသည်။

*အေပီ။*

သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် မက္ကဆီကို ဓာတ်ပုံသတင်းထောက် သေဆုံးခဲ့ရာ နေရာတွင် ပူဆွေးသောကရောက်နေသော ဆွေမျိုးသားချင်းများ။

# ဂီနီပင်လယ်ကွေ့ လုံခြုံရေးတိုးမြှင့်ရန် အမေရိကန်သံတမန်တိုက်တွန်း

**လာဂို့စ် စက်တင်ဘာ ၁၇**

ရေနံအရင်းအမြစ်ကြွယ်ဝသော ဂီနီပင်လယ်ကွေ့ဒေသ လုံခြုံရေးအတွက် နိုင်ဂျီးရီးယားနှင့် ဒေသတွင်းနိုင်ငံများက ပူးပေါင်းဆောင်ရွက်ကြရန် အာဖရိကနိုင်ငံများဆိုင်ရာ အမေရိကန်သံတမန်တစ်ဦးဖြစ်သူ ဝီလျံဖစ်ဂျရယ်က စက်တင်ဘာ ၁၅ ရက်တွင် တိုက်တွန်းပြောကြားသည်။

**ကျင်းပခဲ့**

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့၌ ယခုရက်သတ္တပတ်အတွင်း ကျင်းပခဲ့သည့် အမေရိကန်-နိုင်ဂျီးရီးယား နှစ်နိုင်ငံ လုံခြုံရေးဆိုင်ရာ အစည်းအဝေးတွင် အမေရိကန်သံတမန် ဝီလျံဖစ်ဂျရယ်က ယင်းကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်-နိုင်ဂျီးရီးယား နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ အစည်းအဝေးသို့ အမေရိကန်အထက်တန်း တာဝန်ရှိသူများနှင့် နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိကရေနံထုတ်လုပ်ရာဒေသဖြစ်သော နိုင်ဂျာမြစ်ဝကျွန်းပေါ်ဒေသ အုပ်ချုပ်ရေးတာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

**ပဉ္စမအကြီးဆုံး**

အမေရိကန်နိုင်ငံ၏ ပဉ္စမအကြီးဆုံးရေနံတင်ပို့သည့် နိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနှင့် အမေရိကန်အစိုးရတို့သည် စွမ်းအင်ကဏ္ဍ၊ ဒေသတွင်းလုံခြုံရေး စသောကဏ္ဍများတွင် နှစ်နိုင်ငံဆက်ဆံမှုကို တိုးမြှင့်နိုင်ရန် ဧပြီလအတွင်းက မဟာဗျူဟာမိတ်ဖက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြသည်။

အမေရိကန်-နိုင်ဂျီးရီးယား နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ အစည်းအဝေးသည် ဂီနီပင်လယ်ကွေ့အတွင်း ရေကြောင်းသွားလာမှုလုံခြုံရေးနှင့် ဒေသတည်ငြိမ်ရေးတို့ကို မြှင့်တင်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

*အေအက်ဖ်ပီ။*

# ပါကစ္စတန်နယ်စပ်ဒေသတွင် အုပ်စုကွဲများအကြား တိုက်ပွဲများဖြစ် သီတင်းနှစ်ပတ်အတွင်း လူ ၁၀၂ ဦး သေဆုံး

**ပရာချင်နာ စက်တင်ဘာ ၁၇**

အာဖဂန်နစ္စတန်နယ်စပ်အနီးတွင် လူမျိုးစုနှစ်စုအကြား တိုက်ပွဲများဖြစ်ပွားခဲ့ရာ ပြီးခဲ့သည့် ရက်သတ္တပတ်နှစ်ပတ်အတွင်း လူပေါင်း ၁၀၂ ဦးသေဆုံးခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကူရမ်ဒေသတွင် ရေခွဲဝေပိုင်ဆိုင်မှု အငြင်းပွားရာမှ လူမျိုးစုနှစ်စုအကြား ယနေ့ဖြစ်ပွားခဲ့သောတိုက်ပွဲ တွင် လူ ၄၈ ဦးသေဆုံးခဲ့ရကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ထုတ်ပြန်သော သတင်းတွင် ဖော်ပြထားသည်။

**အားပြိုင်ပွဲများဖြစ်**

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း မျိုးနွယ်စုနှင့် အုပ်စုကွဲများအကြား အားပြိုင်ပွဲများ ကူရမ်ဒေသတွင် မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ ပါကစ္စတန်ရဲတပ်ဖွဲ့၏ အဆိုအရ သောကြာနေ့က ဖြစ်ပွားသောတိုက်ပွဲမှာ ရှီးယိုက်နှင့် ဆွန်နီများအကြား ဖြစ်ပွားသော တိုက်ပွဲဖြစ်ကြောင်းသိရသည်။

ကူရမ်ဒေသအပါအဝင် ပါကစ္စတန်နယ်စပ်ဒေသများသည် ဆွန်နီစစ်သွေးကြွများနှင့် အယ်လ်ခိုင်ဒါများခိုအောင်းရာ ဒေသများဖြစ်ပြီး အုပ်စုကွဲများအကြား ပဋိပက္ခများတွင် ၎င်းစစ်သွေးကြွများက အဓိက နေရာတွင် ပါဝင်နေသည်ဟု ဆိုသည်။

*အေပီ။*

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ချောင်းဝိုင်းလေးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၁၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ချောင်းဝိုင်းလေးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖြန်းပေးသည်။**

ဖွင့်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် တာဝန်ရှိသူတို့က တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်တင်ငွေက ချောင်းဝိုင်းလေးတံတားကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကာ ချောင်းဝိုင်းလေးတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဆိပ်ကြီးခနောင်တိုမြို့နယ်ရှိ ချောင်းဝိုင်းလေးတံတားဖွင့်ပွဲတွင် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရှေးဟောင်းဓာတ်စက်နှင့် ဓာတ်ပြားများကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။**
(သတင်းစဉ်)

# ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းဓာတ်စက်နှင့် ဓာတ်ပြားများလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၇**

တောင်သာမြို့နယ် မြင်းတဲအရှေ့ကျောင်း ဆရာတော်များ ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ရှေးဟောင်းဓာတ်စက်နှင့် ဓာတ်ပြားများကို အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းမှတစ်ဆင့် နိုင်ငံတော်သို့ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ရက်တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝန်ကြီး ဦးအောင်သောင်းက တောင်သာမြို့နယ် မြင်းတဲကျေးရွာအုပ်စု မြင်းတဲအရှေ့ကျောင်း ဆရာတော်များ ခေတ်အဆက်ဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် ရှေးဟောင်း ဓာတ်စက်တစ်လုံးနှင့် ဇာတ်တော်များ၊ ဇာတ်ထုပ်များ၊ အလှူတော်မင်္ဂလာတီးလုံးများနှင့် ကွက်စိပ်ရှေးဟောင်း ဓာတ်ပြား အချပ်၁၀၅ချပ်တို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးခင်အောင်မြင့်ထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးခင်အောင်မြင့်က ယခုလှူဒါန်းသောဓာတ်ပြားများသည် မိမိတို့ ဝန်ကြီးဌာနအတွက် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ဖော်ထုတ်ရာ၌ အလွန်အသုံးဝင်ပြီး ရှေးဟောင်း အမွေအနှစ်များ ထိန်းသိမ်းမှုအတွက် အထူးအကျိုးရှိသော ဓာတ်ပြားများဖြစ်ကြောင်း၊ ယခုကဲ့သို့ လှူဒါန်းသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ယခုလှူဒါန်းပွဲတွင် လှူဒါန်းသောဓာတ်ပြားများမှာ ရွှေကြီးညို၊ ပဲခူးမြ၏ သဒ္ဒါသုမနဇာတ်ထုပ်၁၂ချပ်၊ အဆိုရှင်ဒဂုံတင်(ကွက်စိပ်)၏ ဘုရားလောင်းသုဝဏ္ဏရွှေသမင်နှင့် မေဓာဝီဇာတ်ထုပ်ခုနစ်ချပ်၊ အဆိုရှင် ရွှေကြီးညို၊ ပဲခူးမြ၏ ဒွေးမယ်နော်ဇာတ်ထုပ် ၁၁ ချပ်၊ မအောင်ဖြူ ဘိုးတူ ဇာတ်ထုပ် ၁၀ချပ်၊ အဆိုရှင် ဂရိတ်ဦးဖိုးစိန်၏ ချင်းဖဝေးဇာတ်ထုပ်ရှစ်ချပ်၊ မင်္ဂလာအောင်မောင်း၊ ပဲခူးမြ၏ ပဒုမပေါင်တို ဇာတ်ထုပ် ၁၀ ချပ်၊ ခေတ်ဟောင်းတေး ၁၀ ချပ်၊ စိန်ဗေဒါတီးလုံး ၁၂ချပ်နှင့် အင်္ဂလိပ်တီးလုံး ၁၁ချပ် စုစုပေါင်း ၁၀၅ချပ်တို့ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# News Watch(စောင့်ကြည့်) သတင်းဂျာနယ် အတွဲ ၆၊ အမှတ် ၁၀ ထွက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၇**

ရန်ကုန်မြစ်အတွင်း အမှိုက်စွန့်မှုကို ထိရောက်စွာအရေးယူမည်၊ လှော်ကားသဘာဝဥယျာဉ်၌ ညအိပ်ညနေ တည်းခိုနိုင်တော့မည်၊ ရတနာပုံနေရှင်နယ် Web Portal စက်တင်ဘာလကုန်တွင် လွှင့်တင်နိုင်ရန် စီစဉ်လျက်ရှိ၊ UMFCCI မှ ကုန်သည်အငြင်းပွားမှု ၄၂ မှု ဖြေရှင်းပေးခဲ့၊ ကမ်းနားလမ်းနှင့် မလွတ်ကင်းသော အဆောက်အအုံအချို့ စတင်ဖျက်သိမ်း၊ မော်တင် Junction Center ရှိ ရုပ်ရှင်ရုံကို စက်တင်ဘာ ၁၇ရက်တွင် စတင်ကြည့်ရှုနိုင်မည်၊ ရွှေတိဂုံစေတီ မဟာဗုဒ္ဓဝင်ပြခန်းအတွင်း ကျပ်သိန်းငါးရာလေးဆယ့်လေးသိန်း အကုန်အကျခံ၍ ပြင်ဆင်နေ၊ စင်ကာပူနိုင်ငံ BCA Academy ကျောင်းဝင်ခွင့် စာမေးပွဲစစ်ဆေးမည်၊ PR ရသူများကို စင်ကာပူနိုင်ငံသားခံယူခိုင်းပြီ၊ ဖုန်း၊ MP4, MP3 တို့ကို ခရီးသွားရင်း အားသွင်းနိုင်သော ဆိုလာအားသွင်းစက်အသစ် ဈေးကွက်ထဲရောက်ရှိ၊ နယ်စပ်မြို့အချို့တွင် တရားဝင်မော်တော်ယာဉ်လိုင်စင်များ ထုတ်ပေးခြင်းရပ်နား၊ မန္တလေးမြို့တွင် ကြိုးဖုန်းများ နေ့ချင်းပြီး တပ်ဆင်ပေးလျက်ရှိ၊ ဒေါ်လာဈေး၊ ရွှေဈေးတွေထိုးကျ၊ မြန်မာကျပ်ငွေ ပိုမိုခိုင်မာလာ၊ နွေစပါးစိုက်ပျိုးမှုအတွက် ကျပ်ငွေသိန်းနှစ်ထောင်ကျော်ကို ချေးငွေအဖြစ် ချထားပေးနိုင်ရန် စီစဉ်နေ၊ ကားအမျိုးအစားသစ်များ ကားဈေးကွက်သို့ ဝင်ရောက်လာ၊ ဝယ်ပြီးကားများ ထင်သလောက် ဈေးမရမှာကို စိုးရိမ်မှုများရှိနေ၊ ဖုန်းနှင့်အင်တာနက် တွဲသုံးရသည့် FTTX စနစ် ရန်ကုန်တွင် ခေတ်စားလာဖွယ်ရှိ၊ ဖုန်း၏ Function များကို သေချာလေ့လာပြီးမှ ဝယ်ယူသင့်၊ လုပ်ငန်းရှင်အချို့ကြောင့် မြန်မာတိုင်းရင်းဆေး မညှိုးနွမ်းစေချင်၊ မသုံးစွဲသင့်သည့် ဆေးဝါးများကို လိုက်လံစစ်ဆေး အရေးယူမည်၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ အပြာရောင်သန်းနေသော နှလုံးဝေဒနာရှင်၊ သက်ပြင်း(ရမည်းသင်း) ရွှေးကောက်ပွဲ အတွေ့အကြုံ၊ ရွှေစင်ကိုကိုရဲ့ တရုတ်-အိန္ဒိယ ရာစုနှစ်အားပြိုင်ပွဲမြသူအောင်ရဲ့ဟိမဝန္တာပြိုင်ဘက်များ၊ခုနစ်ရက်သားသမီးများအတွက်ဇင်ယော်နီရဲ့ ကံကောင်းခြင်းလက်ဆောင်၊ ဖိနစ်ဒိုးပုံ့ထက် ပိုမိုအားကောင်းသည့် ဝေဟင်ပစ်ဒုံးပုံ့ ထုတ်လုပ်ရန်ကြိုးပမ်းနေကြောင်း အီရန်ကြေညာ၊ ပြည်တော်ပြန် ဗြိတိန်စစ်သားအချို့ ဘိန်းဖြူမှောင်ခိုသွင်းလျက်ရှိ၊ ပေါင် ၁ ဒသမ ၂၅ ဘီလီယံသုံးစွဲပြီးနောက် လေယာဉ်တင်သင်္ဘောကြီးနှစ်စင်း တည်ဆောက်မည့်စီမံကိန်း ကွန်ဆာဗေးတစ်အစိုးရ ဖျက်သိမ်းဖွယ်ရှိ အစရှိသည့် ကမ္ဘာ့အရေး၊ မြန်မာ့အရေး သတင်းအစုံအလင်ဖြင့် News Watch (စောင့်ကြည့်)ဂျာနယ်ကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ (သတင်းစဉ်)

# Yangon Lifestyle Furniture Fair 2010 ပြပွဲတွင် Sweety Life Co., Ltd. ပါဝင်ပြသ

**ရန်ကုန် စက်တင်ဘာ ၁၇**

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းကကြီးမှူး၍ Yangon Lifestyle Furniture Fair 2010 ပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ဒုတိယနေ့အဖြစ် ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါ ပြပွဲတွင် Sweety Life Co., Ltd. က West Furniture, Chinese Furniture, Door, Flooring နှင့် Interior Life Style အမျိုးမျိုးကို ခင်းကျင်းပြသထားပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ **(ယာပုံ)**

Sweety Life Co., Ltd. သည် ပြည်တွင်းတွင် Furniture, အိမ်တွင်းအလှဆင် Interior ပစ္စည်းများကို နိုင်ငံခြားနည်းပညာ၊ နိုင်ငံခြားပညာရှင်များနှင့် ကိုယ်ပိုင်စက်ရုံဖြင့် ထုတ်လုပ်ဖြန့်ဖြူးရောင်းချပြီး နိုင်ငံခြားမှ Interior ပစ္စည်းများကိုလည်း ပြည်တွင်းသို့ တိုက်ရိုက်တင်သွင်းရောင်းချသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။

Order မှာယူလိုသည့် Furniture များ အပေါ်တွင် Customer များအကြိုက် နှစ်သက်သည့် သစ်အမျိုးအစား၊ Design များကို အထူးစီမံ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။

ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်ရုံးချုပ် အမှတ်(၂၈၈) MWEA Tower ရွှေတိဂုံဘုရားလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၀၄၁၀၈ နှင့် ၃၇၅၆၂၈၊ အရောင်းပြခန်း ၂၄/၁ ပြည်လမ်း ၇မိုင် မရမ်းကုန်းမြို့နယ် ဖုန်း ၀၁-၆၆၃၇၇၅၊ အမှတ်(၂၃) ဥတ္တရသီရိမြို့နယ် နေပြည်တော် ဖုန်း-၀၉-၄၉၂၀၃၃၃၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# သက်ကြီးရွယ်အိုများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

**နေပြည်တော် စက်တင်ဘာ ၁၇**

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ခရိုင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(နေပြည်တော်ခရိုင်အသင်းခွဲ)တို့ပူးပေါင်း၍ စက်တင်ဘာ ၁၁ရက်တွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ဘိုးဘွားရိပ်သာသို့ ကွင်းဆင်းပြီး ဇီဝိတဒါန ဆေးဝါးများလှူဒါန်းကာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းဆေးကုသရာတွင် ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းဝင်း၊ ဒုတိယတိုင်းရင်းဆေးမှူး ဒေါ်ညွန့်ညွန့်ခင်၊ ဆရာကြီးဦးလှမြင့်၊ ဆရာမဒေါ်ဘေဘီမေလွင်ဦးနှင့် ဆရာမဒေါ်အိမ့်အိမ့်သူတို့က အဘိုးခုနစ်ဦးနှင့် အဘွား ၂၅ဦးတို့အား ကျန်းမာရေးစစ်ဆေးပေးပြီး ကျန်းမာရေးအသိပညာပေးဆွေးနွေးကာ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

**ခရိုင်ချင်းဆက် အမှတ်(၂)လမ်း နေပြည်တော်ခရိုင်တပ်ကုန်းမြို့နယ် အပိုင်းရှိ ညောင်ကိုင်းချောင်းတံတား ဆောက်လုပ်ပြီးစီးမှုအား မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းမင်းဇော် ကွင်းဆင်းစစ်ဆေးရာ ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးသိန်းနိုင် တံတားဆောက်လုပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မီးဘေးကာကွယ်ရေး

**သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သုဝဏ္ဏဈေး မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဩဂုတ် ၁၅ ရက်က မြို့နယ်မီးဘေးလုံခြုံရေးအဖွဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးမြင့်သိန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဈေးတာဝန်ခံတို့ ကြီးကြပ်စစ်ဆေးကြစဉ်။** (မြို့နယ်စည်ပင်)

# နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြုစာအုပ်စာတမ်းများ လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန တေရသမအကြိမ် နယ်စပ်ဒေသကျောင်းများသို့ ပုဂ္ဂလိကစာပေတိုက်များက အခြေခံပညာသင်ရိုးဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဒေသကြီး ၂၄ ခု ဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းတွင် အဓိကအားဖြင့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍအသီးသီးကို အလေးထားဆောင်ရွက်ခဲ့ကြောင်း။

နယ်စပ်ဒေသ ပညာရေးကဏ္ဍအနေဖြင့် ၁၉၈၈ ခုနှစ် မတိုင်မီက နယ်စပ်ဒေသ၌ အလယ်တန်းကျောင်း တစ်ကျောင်း၊ မူလတန်းကျောင်း ၂၇ ကျောင်းတွင် ကျောင်းသား ၁၅၅၃ ဦးသာရှိခဲ့ရာမှ ယခုပညာသင်နှစ်တွင် မူလတန်းကျောင်း ၈၉၀၊ အလယ်တန်းကျောင်း ၉၂ ကျောင်း၊ အထက်တန်းကျောင်း ၉၄ ကျောင်းအထိ ရှိလာခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၂၁၇၁၇ ဦး ရှိလာခဲ့ကြောင်း၊ ယခုလှူဒါန်းသည့် စာအုပ်များကို အဆိုပါ နယ်စပ်ဒေသကျောင်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၈ ကျောင်းနှင့် နယ်စပ်ဒေသအထောက်အပံ့ခံကျောင်း ၂၀ တို့သို့ အမြန်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

**ပေးအပ်လှူဒါန်း**

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်ထံ အလှူရှင်တစ်ဦးက နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းစဉ်။** (နယ်စပ်စည်ပင်)

ထို့အပြင် နယ်စပ်ဒေသကျောင်းများသို့ သွားရောက်၍ အနီးကပ်သင်ကြားပို့ချပေးခဲ့ကြသော အငြိမ်းစားဆရာကြီးများအားလည်း ကျေးဇူးအထူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးစိန်မြင့်အောင် (ရွှေကံ့ကော်စာပေ) က ငွေကျပ် ၂၉၁၅၀၀၀ တန်ဖိုးရှိ စာအုပ် ၁၇၅၀၊ ဦးသန်းမောင် (ပန်းတိုင်စာပေ)က ငွေကျပ် ၂၅၅၉၃၅၀ တန်ဖိုးရှိ စာအုပ် ၆၄၆၉ အုပ်၊ ဦးဝင်းချို (မူဝံစာပေ)က ငွေကျပ် ၁၅၉၀၀၀၀ တန်ဖိုးရှိ စာအုပ် ၄၂၀၀၊ ဦးအောင်မြင့်(ရွှေလက်ဆောင်စာပေ)က ငွေကျပ် ၁၅၅၃၀၀၀ တန်ဖိုးရှိ စာအုပ် ၈၅၅ အုပ်၊ ဦးညွန့်ဦး(စန္ဒာညွန့်စာပေ)က ငွေကျပ် ၁၃၈၉၈၀၀ တန်ဖိုးရှိ စာအုပ် ၃၅၈၈ အုပ်၊ ဦးမြင့်သိန်း (The Student's Supplement) က ငွေကျပ် ၁၃၅၃၁၀၀ တန်ဖိုးရှိ စာအုပ် ၁၃၀၀၊ ဦးကျော်ငြိမ်း (ငြိမ်းအဝေးသင်)က ငွေကျပ် ၁၂၃၀၀၀၀ တန်ဖိုးရှိ စာအုပ် ၂၄၆၀၊ ဦးရဲဝေ (မြန်မာစာ) (စံပယ်ပွင့်စာပေ) က ငွေကျပ် ၁၀၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၆၀၀၊ ဦးမောင်မောင်ဇော် (ဂုဏ်ထူးမော်ကွန်းစာပေ)က ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၄၂၅ အုပ်၊ SS ဦးခင်မောင်အေး (ပညာဗိမာန်စာပေ)က ငွေကျပ် ၄၂၄၂၀၀ တန်ဖိုးရှိ စာအုပ် ၄၉၁ အုပ်၊ ဦးမြင့်စိုး (စိုးစံစာပေ)က ငွေကျပ် ၁၆၂၅၀၀ တန်ဖိုးရှိ စာအုပ် ၃၁၅ အုပ်နှင့် ဦးစိုးနောင် (ရူပဗေဒကျူရှင်)က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၈၀ စုစုပေါင်း စာပေတိုက်များမှ အလှူရှင် ၁၂ ဦးတို့က ငွေကျပ် ၁၄၉၃၆၉၅၀ တန်ဖိုးရှိ စာအုပ် ၂၂၅၃၃ အုပ်တို့ကို လှူဒါန်းကြရာ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

**လက်ဆောင်ပစ္စည်းပေးအပ်**

ယင်းနောက် နယ်စပ်ဒေသလူငယ်သင်တန်းကျောင်းများသို့ ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် အနီးကပ်သွားရောက် သင်ကြားပေးခဲ့ကြသော အငြိမ်းစားဆရာကြီးများအား ဂုဏ်ပြုလက်မှတ်များနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ဦးသန်းမောင်(ပန်းတိုင်စာပေ)က စာအုပ်စာတမ်းများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေထံအလှူရှင်တစ်ဦးက နယ်စပ်ဒေသရှိ ကျောင်းသား၊ ကျောင်းသူများအတွက် ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းစဉ်။** (နယ်စပ်စည်ပင်)

# တိုင်းရင်းဆေးပညာဦးစီးဌာနက သတိပေးကြော်ငြာစာ ထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၁၇**

နိုင်ငံတော်အတွင်း တိုင်းရင်းဆေးဆရာအမည်ခံ၍ ဆေးထိုးအပ်နှင့် ထိုးဆေးများ ကိုင်တွယ်အသုံးပြုလျက်ရှိသူများ၊ တရားမဝင်ခွဲစိတ်ကုသမှုများ ပြုလုပ်လျက်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့်အပြိုင် သင်တန်းများဖွင့်လှစ်၍ သင်တန်းဆင်းလက်မှတ်၊ ဘွဲ့လက်မှတ်၊ တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်(တဆ)ကဲ့သို့ ကုသခွင့်လိုင်စင် ထုတ်ပေးလျက်ရှိသူများ ရှိနေကြောင်း စိစစ်တွေ့ရှိရပါသဖြင့် အဆိုပါလုပ်ငန်းများကို ဤအသိပေးကြော်ငြာစာ စတင်ပါရှိသည့် နေ့မှစ၍ ဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်တော့ဘဲ ချက်ချင်းရပ်တန့်ကြရန်နှင့် ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေကြောင်း စစ်ဆေးတွေ့ရှိရပါက တိုင်းရင်းဆေးကောင်စီ ဥပဒေပုဒ်မ (၂၄) (က) (ခ)တို့နှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းရင်းဆေးပညာဦးစီးဌာနက သတိပေးတားမြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၉-၂၀၁၀ (စနေနေ့)**

AM & PM

| | |
|---|---|
| ၅း၀၀ | MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ် ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ် |
| ၅း၂၀ | MRTV-4 သတင်း |
| ၅း၅၀ | "တွေ့၊ မြင်၊ သိ" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ) |
| ၆း၃၅ | အလောင်းတော်ကဿပ လိုက်ဂူတော် |
| ၆း၅၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၇)** |
| ၇း၃၀ | MRTV-4 သတင်း |
| ၈း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၁)** |
| ၈း၄၀ | "ဝ"တာတစ်ကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁) |
| ၈း၅၅ | Activities In the City -မဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းကပ်နှင့်စာအောင် သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ -Raffles Education Corporation မှကြီးမှူးကျင်းပသော Recycle and Reuse Workshop |
| ၉း၂၅ | ရွှေစင်စကြာနှင့်ရွှေညာမြေဆီသို့ . . |
| ၉း၄၀ | Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ) |
| ၁၀း၁၀ | စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Banking Training Centre မှာ |
| ၁၀း၃၅ | သွားမယ်စားမယ် (KIVA HAN CAFE' & RESTAURANT) |
| ၁၁း၀၀ | ဟိုတယ်လမ်းညွှန် (The Strand) |
| ၁၁း၃၀ | ပန်းချီပြခန်း -ချယ်ရီလွင်ပြင် အမှတ်(၂) ပန်းချီပြပွဲ |
| ၁၁း၅၀ | ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့ |
| ၁၂း၀၀ | ရန်ကုန်မြင်ကွင်းကျယ် (Phyu Phyu Kyaw Thein Solo Concert စာနယ်ဇင်းရှင်းလင်းပွဲ) |
| ၁၂း၂၀ | သူတို့ပြောတဲ့သူတို့အကြောင်း (အဆိုတော် သရုပ်ဆောင် နီနီဝင်းရွှေနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁) |
| ၁၂း၅၀ | Activities In the City -မဟာဂန္ဓာရုံကျောင်းတိုက်၏ ဝါဆိုသင်္ကန်းကပ်နှင့်စာအောင် သံဃာတော်များဂုဏ်ပြုပူဇော်ပွဲ |
| ၁း၀၀ | "တွေ့၊ မြင်၊ သိ" တရားတော် (ဆရာတော်ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ) |
| ၁း၄၅ | သံတွဲမြို့မှအံ့ဖွယ်ထူးခြား သုံးဆူဘုရား |
| ၂း၀၀ | MRTV-4 သတင်း |
| ၂း၂၀ | Talent Show (မွန်ပြည်နယ်ကိုကိုနိုင်) |
| ၂း၄၅ | VJ Choice |
| ၃း၁၅ | Kid's Show |
| ၄း၀၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၁)** |
| ၄း၃၅ | "ဝ"တာတစ်ကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁) |
| ၄း၅၅ | ရန်ကုန်မြင်ကွင်းကျယ် (Phyu Phyu Kyaw Thein Solo Concert စာနယ်ဇင်းရှင်းလင်းပွဲ) |
| ၅း၁၀ | ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ) |
| ၅း၃၀ | MRTV-4 ကာတွန်းအစီအစဉ် |
| ၆း၀၀ | MRTV-4 သတင်း |
| ၆း၂၀ | Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ အကယ်ဒမီနွဲ့နွဲ့စန်း) (အပိုင်း-၅) |
| ၆း၄၀ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၁၈)** |
| ၇း၂၀ | Sports Diary |
| ၇း၃၀ | သူတို့ဘဝသူတို့ဟာသ (ဦးချစ်စရာ) |
| ၈း၀၀ | MRTV-4 သတင်း |
| ၈း၂၅ | Barclays Premier League (Everton Vs Newcastle) |
| ၁၀း၂၅ | စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့် |
| ၁၀း၅၅ | Barclays Premier League (Sunderland Vs Arsenal) |
| ၁၂း၅၅ | **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၁၁၂)** |
| ၁း၃၅ | ရွှေစင်စကြာနှင့်ရွှေညာမြေဆီသို့ . . |
| ၁း၅၀ | ရိုးရာဆေးပညာမှ လူထုကျန်းမာရေး စောင့်ရှောက်မှုသို့ |
| ၂း၀၀ | စိတ်ဝင်စားစရာမုန့်လုပ်နည်းပညာ Myanmar Banking Training Centre မှာ |
| ၂း၂၀ | World of Knowledge (Hippos; Africa's River Beast) |
| ၃း၀၅ | Activities In the City -Raffles Education Corporation မှကြီးမှူးကျင်းပသော Recycle and Reuse Workshop |
| ၃း၂၅ | တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ကျောက်ငါးသုတေသန သားဖောက်လုပ်ငန်း) |
| ၃း၄၀ | မြို့ကျောက်ဆည်၏အလှဂုဏ်ရည် (ကျောက်ဆည်စက်ရုံများနယ်မြေ) |
| ၃း၅၀ | Box Office Movies (Surro Gate) |
| ၄း၁၅ | နယဉ်ဆန်းထွင် သစ်သီးအလှဆင် (သင်္ဘောသီးနှင့်နှင်းဆီပန်း ပုံဖော်နည်း) |
| ၄း၃၀ | ဖော်ရွေပျူငှာနွေးထွေးမှုများနှင့် Friendship Hotel |
| ၄း၄၅ | အနွေးထွေးဆုံးလက်တစ်စုံ |
| ၅း၀၀ | အစီအစဉ်ပြီး။ |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## Barclays Premier League **ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၁၀ | Stoke City - West Ham | ESPN(Live) |
| ၈း၂၅ | Tottenham - Wolverhampton | ESPN(Live) |
| | Everton - Newcastle | STAR SPORTS (Live) |
| ၁၀း၅၅ | Sunderland - Arsenal | ESPN(Live) |
| ၁၁း၀၀ | West Bronwich - Birmingham | STAR SPORTS(SDD) |

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

# မြို့နယ်အချို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချောင်းရေမြင့်တက်ခြင်း၊ လူနေအိမ်အချို့အတွင်း ရေဝင်ရောက်ခြင်းများဖြစ်ပေါ်ခဲ့

**နေပြည်တော် စက်တင်ဘာ ၁၇**

ဟိုပုန်းမြို့နယ်နှင့် လွိုင်လင်မြို့နယ်များအတွင်း စက်တင်ဘာ ၁၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လွိုင်လင်မြို့နယ် မိုင်းပွန်ကျေးရွာအနီးရှိ ပွန်ချောင်းရေသည် စင်တီမီတာ ၄၂၀ အထိ မြင့်တက်ခဲ့ကြောင်း၊ ပွန်ချောင်းရေ၏ စိုးရိမ်ရေမှတ်မှာ စင်တီမီတာ ၄၃၀ ဖြစ်ကြောင်း သိရှိရသည်။

အလားတူ တောင်တွင်းကြီးမြို့၌ စက်တင်ဘာ ၁၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့ပေါ်ရပ်ကွက် အချို့ရှိ လူနေအိမ်များအတွင်း ရေသုံးပေခန့် ဝင်ရောက်ကာ ရန်ကုန်-မန္တလေးကားလမ်းမကြီး၌ ရေအနည်းငယ်ကျော်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၄ ရက်နံနက် ၉ နာရီခွဲခန့်တွင် တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက် ပန်ချာပီ တံတားအနီး၌ ကလေးသုံးဦး ရေဆော့ကစားစဉ် တံတားရေစီးကြောင်းအတိုင်း မျောပါသွားခဲ့သဖြင့် နှစ်ဦးအား ပြန်လည်ဆယ်ယူနိုင်ခဲ့သော်လည်း တစ်ဦးမှာ ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# စိုးရိမ်မိပါသည်

ဥပဒေလေ့လာသူတစ်ဦး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်သူတို့ လိုလားတောင့်တနေသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ပဉ္စမအဆင့်ဖြစ်သည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်များ ဖွဲ့စည်းနိုင်ရေးအတွက် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲများကျင်းပရန် အကြိုလုပ်ငန်းစဉ်များအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ နှင့် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းခဲ့ပါသည်။

**နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက် အသစ်တည်ထောင်သည့် နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိရန်လည်းကောင်း၊ ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့် ရရှိရန်လည်းကောင်း ဥပဒေပါ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန်ဖြစ်ပါသည်။ ထိုသို့ လျှောက်ထားမည့်ပါတီများသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော ပါတီများဖြစ်ရန် အထူးလိုအပ်ပေသည်။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကလည်း ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီ အဖွဲ့အစည်းများအား ဥပဒေနှင့်အညီ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားနိုင်ကြောင်း ၁၈-၃-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်(၁/၂၀၁၀)ဖြင့် ကြေညာခဲ့ပါသည်။ ထို့ပြင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အကျုံးဝင်သော ယခင်ကတည်ရှိခဲ့သည့် နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက သတ်မှတ်ထားသော ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားနိုင်ကြောင်းကိုလည်း ၉-၄-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၁၈/၂၀၁၀)ဖြင့် အသိပေး ကြေညာခဲ့ပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ(နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊ ၄/၈၈) အရ တည်ရှိနေသော ပါတီများသည် ဤဥပဒေအရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ကော်မရှင်၏ခွင့်ပြုချက်ရရှိသည့်အခါ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက နိုင်ငံရေးပါတီအဖြစ်မှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။"

ယင်းဥပဒေပုဒ်မ ၂၇ တွင်လည်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> "နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်၊၄/၈၈)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။"

ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို အခြားဥပဒေတစ်ရပ်ရပ်ဖြင့် ရုပ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၁၄ ခြွင်းချက်တွင် ရုပ်သိမ်းခြင်းပြုသောဥပဒေ၏ အကျိုးသက်ရောက်မှုကို အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

> **ခြွင်းချက်။** ရုပ်သိမ်းခြင်းပြုသောဥပဒေ၌ တစ်နည်းတစ်ဖုံ ဖော်ပြထားလျှင် ယင်းသို့ဖော်ပြထားသည့်အတိုင်းသာ ဖြစ်စေရမည်။

သို့ဖြစ်ပါ၍ ၂၀၁၀ ပြည့်နှစ် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၇ပါ ပြဋ္ဌာန်းချက်များသည် ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ ၁၄ ခြွင်းချက်ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါသဖြင့် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ယင်းပုဒ်မ ၂၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများသည် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည်ဖြစ်ပါသည်။ သို့သော် ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီ ၁၀ ပါတီအနက် ၅ ပါတီသာလျှင် သတ်မှတ်ထားသည့်ရက်အတွင်း မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားခဲ့ပြီး ကျန် ၅ ပါတီမှာ လျှောက်ထားခဲ့ခြင်း မရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၄-၉-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် ၉၇/၂၀၁၀ တွင် တွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ ဆောင်ရွက်ဆဲ လုပ်ငန်းများကို ဤဥပဒေအရ ဖွဲ့စည်းသောကော်မရှင်နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆက်ခံဆောင်ရွက်ရမည်။"

**သို့ဖြစ်၍ ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ(၂/၂၀၁၀) ၏ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်ပုံတင်ခွင့်ကို သတ်မှတ်ရက်အတွင်း လျှောက်ထားနိုင်ကြောင်း ကြေညာချက်အမှတ် (၁/၂၀၁၀)ဖြင့် အသိပေးကြေညာခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များအရ သတ်မှတ်ထားသောရက်အတွင်း မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခဲ့ခြင်းမရှိသည့် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၂၅ တွင် "ကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကို လည်းကောင်း၊ မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီးနိုင်ငံရေးပါတီအဖြစ်မှ ဖျက်သိမ်းသည့် နိုင်ငံရေးပါတီများ၏ အမည်စာရင်းကိုလည်းကောင်း ကြေညာချက် ထုတ်ပြန်ရမည်" ဟု ပြဋ္ဌာန်းထားသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ၁၄-၉-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ်၊ ၉၇/၂၀၁၀ဖြင့် သတ်မှတ်ရက်အတွင်း နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုကြောင်း လျှောက်ထားခြင်းမရှိသော နိုင်ငံရေးပါတီ ၅ ပါတီသည် ဥပဒေအရအလိုလျောက် ပျက်ပြယ်ပြီး နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်မရှိသော အဖွဲ့အစည်းများဖြစ်သဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကိုပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်ကြောင်း ပြဋ္ဌာန်းထားသောဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်ပြန်ကြေညာခဲ့ပါသည်။**

> **ပါတီတစ်ခုသည် ဥပဒေအရ သတ်မှတ်ထားသည့်ကာလအတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းမရှိသည့်အပြင် ၎င်းတို့၏ ပါတီသည် ပျက်ပြယ်ခြင်းမရှိကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီဟောင်းတစ်ခုအား ဖျက်သိမ်းရန် ကြေညာပိုင်ခွင့် မရှိကြောင်း စသည်ဖြင့် ပြောဆိုနေခြင်းမှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုပြီး ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်နေခြင်းသာဖြစ်။**

**ပါတီတစ်ခုသည် ဥပဒေအရ သတ်မှတ်ထားသည့်ကာလအတွင်း နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းမရှိသည့်အပြင် ၎င်းတို့၏ပါတီသည် ပျက်ပြယ်ခြင်းမရှိကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီဟောင်းတစ်ခုအား ဖျက်သိမ်းရန် ကြေညာပိုင်ခွင့်မရှိကြောင်း စသည်ဖြင့်ပြောဆိုနေခြင်းမှာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မျက်ကွယ်ပြုပြီး ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်အောင် ပြုလုပ်နေခြင်းသာဖြစ်ပါသည်။**

ထို့ပြင် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ "ရွေးကောက်ပွဲမှာ မဲမပေးဘဲ သပိတ်မှောက်ကြရန် " လှုံ့ဆော်ပြောဆိုဆောင်ရွက်လျက်ရှိကြောင်း ကြားသိနေရပါသည်။ ရွေးကောက်ပွဲတွင် မဲပေးနိုင်သောအခွင့်အရေး၊ မဲပေးခြင်းမပြုဘဲ နေနိုင်သောအခွင့်အရေးများသည် "ရွေးကောက်မှုဆိုင်ရာအခွင့်အရေး "ဟု ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၁၇၁-က ပုဒ်မခွဲ (ခ)တွင်လည်းကောင်း၊ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေများတွင်လည်းကောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ယင်းအခွင့်အရေးကို မိမိ၏ဆန္ဒအလျောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း ရွေးကောက်ပွဲမှာ မဲမပေးဘဲ သပိတ်မှောက်ကြရန် စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေမည်ဆိုလျှင်မဲဆန္ဒရှင်များ၏ ရွေးကောက်မှု အခွင့်အရေးကို လွတ်လပ်စွာသုံးစွဲ၍မရစေရန် မလျော်သြဇာ သုံးခြင်းဖြစ်၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၇ နှင့် ငြိစွန်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၇ တွင် "ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆန္ဒမဲပေးပိုင်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်တို့ကို ကျင့်သုံးခြင်းမပြုနိုင်စေရန် မလျော်သြဇာသုံးခြင်းပြုလုပ်လျှင် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားသည့်အပြင် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၈ (ဃ)တွင်လည်း "ဆန္ဒမဲပေးခြင်းပျက်ပြားစေရန် ဖြစ်စေ၊ ရွေးကောက်ပွဲ ပျက်ပြားစေရန်ဖြစ်စေ၊ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်း၊ ပိုစတာများအသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်း ပြုလုပ်လျှင် ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

**ပြည်သူအများ အထူးလိုလားတောင့်တနေသော ပါတီစုံ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးမည့် ရွေးကောက်ပွဲကို ပျက်ပြားရာ ပျက်ပြားကြောင်း ပြုလုပ်ခြင်းသည် ပြည်သူလူထု၏ဆန္ဒကို မလေးမစား ပြုရာရောက်မည်ဖြစ်ပါသည်။ သို့ပါ၍ ဥပဒေကို မသိ၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ပြုမူဆောင်ရွက်ချက်များသည် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းနိုင်ပါ၍ ယင်းသို့ငြိစွန်းကြမည်ကို စိုးရိမ်မိပါသဖြင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။**

> **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက် အသစ်တည်ထောင်သည့် နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့် ရရှိရန်လည်းကောင်း၊ ယခင်တည်ရှိခဲ့သော နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်ရရှိရန်လည်းကောင်း ဥပဒေပါ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားကြရန်ဖြစ်။ ထိုသို့လျှောက်ထားမည့် ပါတီ များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော ပါတီများဖြစ်ရန် အထူးလိုအပ်။**

# လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း စနစ်တကျ ပြုစုထားကြရန် အကြောင်းကြားခြင်း

နေပြည်တော် စက်တင်ဘာ ၁၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ညွှန်ကြားချက်အမှတ်(၃/၂၀၁၀)ကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**နေပြည်တော်**

**ညွှန်ကြားချက်အမှတ် (၃/၂၀၁၀)**

၁၃၇၂ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်

(၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၆ ရက်)

အကြောင်းအရာ။ **လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း စနစ်တကျ ပြုစုထားကြရန် အကြောင်းကြားခြင်း**

၁။ ၂၀၁၀ ပြည့်နှစ်တွင်ကျင်းပမည့် လွှတ်တော်အသီးသီး၏ အထွေထွေရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာ ရွေးကောက်ပွဲနည်းဥပဒေ အခန်း (၁၃)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်ပွဲကုန်ကျစရိတ်များကို ကျခံသုံးစွဲကြမည်ဖြစ်ရာ အဆိုပါ ရွေးကောက်ပွဲကုန်ကျစရိတ်များကို ဥပဒေနှင့်အညီ စနစ်တကျစာရင်းပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲက ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်၏အမည်ကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်းကောင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းများ ပြုစုရာတွင် စနစ်တကျဖြင့် ပုံစံတစ်ပြေးညီဖြစ်စေရေးအတွက် ပူးတွဲ(က)ပါ သတ်မှတ်ပုံစံအတိုင်း စာရင်းပြုစု ဆောင်ရွက်ကြရန် အကြောင်းကြားပါသည်။

**(ပုံ)သိန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်း

[ နည်းဥပဒေ ၇၇ ]

လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် ။ ------------------------------------------------

မှတ်ပုံတင်အမှတ် ။ ------------------------------------------------

အမြဲတမ်းနေရပ်လိပ်စာ ။ ------------------------------------------------

လွှတ်တော်အမျိုးအစား ။ ------------------------------------------------

မဲဆန္ဒနယ် ။ ------------------------------------------------

၁။ **ရငွေဆိုသည်မှာ -** လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များကို ပေးပြီးသည်ဖြစ်စေ၊ ပေးရန် ကျန်နေသေးသည်ဖြစ်စေ ကုန်ကျရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦး (အရွေးခံသူအပါအဝင်) ထံမှလည်းကောင်း၊ ကုမ္ပဏီ၊ ကုမ္ပဏီအစုအဖွဲ့ စသည်တို့ထံမှလည်းကောင်း၊ ပါတီမှလည်းကောင်း ရသောငွေများ၊ အာမခံစာချုပ်များ၊ ပစ္စည်းများဖြစ်ပါသည်။

| စဉ် | ငွေရပြေစာ/ ပစ္စည်း | ရရှိသည့်နေ့စွဲ | ပေးသူ၏အမည်နှင့် အကြောင်းအရာ | ငွေ သို့မဟုတ် တန်ဖိုး |
|---|---|---|---|---|
| | | | | |
| | | | စုစုပေါင်း | |

စုစုပေါင်း ငွေ၊ ပစ္စည်းတန်ဖိုး (စာသားဖြင့်) ------------------------------------------------

မှတ်ချက်။ ရွေးကောက်ပွဲကုန်ကျစရိတ်အတွက် မိမိကိုယ်ပိုင် ငွေ/ပြည်တွင်းရှိ နိုင်ငံသား တစ်ဦးချင်းစီက ဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီ အစုအဖွဲ့များကဖြစ်စေ တရားဝင်ရရှိထားသော ငွေကြေးများထဲမှ ထည့်ဝင် လှူဒါန်းသောငွေ/ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းက ထောက်ပံ့သည့်ငွေ စသည့်ရငွေများကို ခွဲခြားဖော်ပြရမည်။

၂။ **ကုန်ကျစရိတ်ဆိုသည်မှာ -** ရွေးကောက်ပွဲဆိုင်ရာ ကုန်ကျစရိတ်များအတွက် သို့တည်းမဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးက ထုတ်ပေးသောငွေများ၊ ထို့ပြင် ကုန်ကျစရိတ်များအတွက် ရွေးကောက်တင်မြှောက် ခံရသူက သို့မဟုတ် ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ပေးရန် ကျန်သေးသည်ဟုသိရသော ငွေများဖြစ်ပါသည်။

မှတ်ချက်။ (၁) ငွေကျပ် ၅၀၀နှင့် ငွေကျပ် ၅၀၀ထက်ပိုသော ကုန်ကျစရိတ်များအတွက် ပြေစာများကို တောင်းယူ၍ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်း၌ ပူးတွဲပါရှိစေရမည်။ ငွေကျပ် ၅၀၀ အောက်ဖြစ်ပြီး ပြေစာမရနိုင်သော အသုံးစရိတ်များအတွက်သုံးစွဲသူလက်မှတ်ရေးထိုးထားသော ပြေစာများကို တင်ပြရမည်။ ပြေစာများကို အမှတ်စဉ်ထိုး၍ အမှတ်စဉ်အတိုင်း ပူးတွဲထားရမည်။ ထို့ပြင် စာရင်းရေးသောအခါ ထိုပြေစာအမှတ်စဉ်များကို သက်ဆိုင်ရာ ကုန်ကျစရိတ်နှင့်ယှဉ်၍ ရေးမှတ်ရမည်။

(၂) အသုံးစရိတ်များကို တစ်ခုစီခွဲခြား၍ ထည့်သွင်းဖော်ပြရမည်။ စာပို့တိုက်တံဆိပ်ခေါင်းဖိုးများနှင့် ကြေးနန်းခများကိုသာ တစုတပေါင်းတည်း ထည့်သွင်းဖော်ပြနိုင်သည်။ သုံးစွဲခဲ့သော အသုံးစရိတ်များအတွက် စရိတ်အခကြေးငွေ ပေးခြင်းခံရသောသူများ၏ အမည်နှင့် အကြောင်းအရာ၊ ဆောင်ရွက်သောလုပ်ငန်း သို့မဟုတ် ဝယ်ယူသုံးစွဲခဲ့သော ကုန်ပစ္စည်းအမည်၊ အရေအတွက်နှင့် ကျသင့်ငွေများကို အသုံးစရိတ်စာရင်း၌ တစ်ခုစီ ဖော်ပြရမည်။

### အပိုင်း (က)

**လွှတ်တော်ကိုယ်စားလှယ်လောင်းကိုယ်တိုင်က လည်းကောင်း၊ ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကလည်းကောင်း ပေးချေရသည့်စရိတ်များ (ရွေးကောက်ပွဲဝင်ခွင့်မှတ်ပုံတင်ကြေးအပါအဝင်)၊ တည်းခိုစရိတ်များ၊ ခရီးစရိတ်များ၊ သို့တည်းမဟုတ် ရွေးကောက်ပွဲဆိုင်ရာ စာအုပ်နှင့် စာရေးကိရိယာများ ပါဝင်သော ကိုယ်ရေးကိုယ်တာ အသုံးစရိတ်များ**

| စဉ် | စရိတ်ငွေ ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | စရိတ်ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်------------------------------------------------

စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် ------------------------------------------------

### အပိုင်း (ခ)

**လွှတ်တော်ကိုယ်စားလှယ်လောင်းက သို့တည်းမဟုတ် ထိုသူ၏ရွေးကောက်ပွဲ ကိုယ်စားလှယ်က ကိုယ်စားလှယ်များ(ရွေးကောက်ပွဲကိုယ်စားလှယ် ပါဝင်သည်)၊ စာရေးများ၊ ရုံးအကူများအား ပေးရသည့် အခကြေးငွေများ**

| စဉ် | အခကြေးငွေ ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်း ရင်း | အခန့်ထား | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) |
| | | | | | | ကျပ် | ကျပ် |
| | | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်------------------------------------------------

စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် ------------------------------------------------

မှတ်ချက်။ ကိုယ်စားလှယ်၊ စာရေး၊ ရုံးအကူအသီးသီးတို့၏ အမည်နှင့် အကြောင်းအရာများ၊ အခန့်ထားနှင့် တကွ ပေးရသည့်ငွေများကို တစ်ခုစီ ခွဲခြား၍ ဖော်ပြရမည်။

### အပိုင်း (ဂ)

**လွှတ်တော်ကိုယ်စားလှယ်လောင်းက သို့တည်းမဟုတ် ထိုသူ၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ကိုယ်စားလှယ်များ(ရွေးကောက်ပွဲကိုယ်စားလှယ် အပါအဝင်)၊ စာရေးများ၊ ရုံးအကူများအတွက် ခရီးစရိတ်နှင့် စားစရိတ်များအပါအဝင် ကုန်ကျသော အခြားစရိတ်များ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်------------------------------------------------

စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် ------------------------------------------------

မှတ်ချက်။ ကိုယ်စားလှယ်၊ စာရေး၊ ရုံးအကူ၊ မဲဆော်ဩသူအသီးသီး၏ အမည်၊ အကြောင်းအရာနှင့်တကွ ပေးရသည့်ငွေများကို တစ်ခုစီ ခွဲခြား၍ ဖော်ပြရမည်။

**လွှတ်တော်...**
**သို့တည်း...**

| စဉ် | စရိတ်ရရှိ... အမည်... အကြောင်း... |
|---|---|
| (၁) | (၂) |
| | |
| | |

စုစုပေါင်းပေးငွေ (...
စုစုပေါင်းမပေးရသေ...

| စဉ် | စရိတ်ရရှိ... အမည်... အကြောင်း... |
|---|---|
| (၁) | (၂) |
| | |
| | |

စုစုပေါင်းပေးငွေ (...
စုစုပေါင်းမပေးရသေ...

| စဉ် | စရိတ်ရရှိ... အမည်... အကြောင်း... |
|---|---|
| (၁) | (၂) |
| | |
| | |

စုစုပေါင်းပေးငွေ (...
စုစုပေါင်းမပေးရသေ...

| စဉ် | စရိတ်ရရှိ... အမည်... အကြောင်း... |
|---|---|
| (၁) | (၂) |
| | |
| | |

စုစုပေါင်းပေးငွေ (...
စုစုပေါင်းမပေးရသေ...

ပြေစာများကို တောင်းယူ၍
ဝ အောက်ဖြစ်ပြီး ပြေစာ
ပြေစာများကို တင်ပြရမည်။
ပြင် စာရင်းရေးသောအခါ
မှတ်ရမည်။
က်တံဆိပ်ခေါင်းဖိုးများနှင့်
သုံးစွဲခဲ့သော အသုံး
မည်နှင့် အကြောင်းအရာ၊
အရေအတွက်နှင့် ကျသင့်

**ားလှယ်ကလည်းကောင်း**
**ိတ်များ၊ ခရီးစရိတ်များ၊**
**ိယ်ရေးကိုယ်တာ အသုံး**

| | မပေးရ သေးသော ငွေ |
|---|---|
| | (၇) |
| | ကျပ် |
| | |

**ကိုယ်စားလှယ်က**
**ျားအား ပေးရသည့်**

| ငွေ | မပေးရ သေးသော ငွေ |
|---|---|
| ) | (၈) |
| ်ပ် | ကျပ် |
| | |

နှုန်းထားနှင့် တကွ ပေးရ

**ိုယ်စားလှယ်က**
**အတွက် ခရီးစရိတ်နှင့်**

| | မပေးရ သေးသော ငွေ |
|---|---|
| | (၇) |
| | ကျပ် |
| | |

ရာနှင့်တကွ ပေးရသည့်

## အပိုင်း (ဃ)

**လွှတ်တော်ကိုယ်စားလှယ်လောင်းက သို့တည်းမဟုတ် ထိုသူ၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်က သို့တည်းမဟုတ် ခရီးသွားသူက(ကိုယ်စားလှယ်များ၊ စာရေးများ၊ ရုံးအကူများ မဟုတ်သော) လခရသူ မရသူများအား ပေးရသည့် ခရီးစရိတ်များ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

## အပိုင်း (င)

**မိတ္တူကူးခ၊ ပုံနှိပ်ခ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

## အပိုင်း (စ)

**ကြော်ငြာခ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

## အပိုင်း (ဆ)

**စာရေးကိရိယာ၊ ရုံးအသုံးအဆောင်များအတွက် ကုန်ကျသည့်စရိတ်**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

## အပိုင်း (ဇ)

**စာတိုက်တံဆိပ်ခေါင်း၊ တယ်လီဖုန်း၊ ဖက်စ်၊ တယ်လီဖုန်းကြေးနန်းခ စသည့် ဆက်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်**

| စဉ် | ကုန်ကျသည့်စရိတ် | ခွဲခြား၍ပေးသောစရိတ်ကိုပြလိုလျှင် ပေးသည့်နေ့စွဲ | ပေးငွေ |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| | | | ကျပ် |
| | | စုစုပေါင်း | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------

## အပိုင်း (ဈ)

**စည်းရုံးဟောပြောပွဲများအတွက် သို့မဟုတ် ရွေးကောက်ပွဲရုံးခန်းများအတွက် သို့မဟုတ် အလုပ်ရုံးခန်းအတွက် ငှားရမ်းခစရိတ်များနှင့် ယင်းစည်းရုံးဟောပြောပွဲများတွင် အသုံးပြုသည့် အသံချဲ့စက်ငှားရမ်းခများ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

မှတ်ချက်။ စည်းရုံးဟောပြောပွဲအတွက် သို့မဟုတ် ရွေးကောက်ပွဲရုံးခန်းအတွက် ငှားရမ်းရသော အခန်း၏ အမည်နှင့် အကြောင်းအရာများကို ထင်ရှားသိသာအောင် စုံလင်ကျနစွာ ဖော်ပြရမည်။ ထိုအခန်းများအတွက် အခကြေးငွေရသူ၏အမည်နှင့် အကြောင်းအရာတို့အပြင် အခကြေးငွေများကို ခွဲခြား၍ ဖော်ပြရမည်။

## အပိုင်း (ည)

**ယာဉ်ငှားရမ်းခ**

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်---------------------------------------------
စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် -----------------------------------

## အပိုင်း (ဋ)

**ငွေမပေးချေရသေးသော အသုံးစရိတ်ငွေများ**

| စဉ် | တောင်းဆိုသူ၏ အမည်နှင့် အကြောင်းအရာ | တောင်းဆိုသော အကြောင်းအရာနှင့် အကြောင်းပြချက်များ | တောင်းဆိုသည့် ငွေ |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| | | | ကျပ် |
| | | စုစုပေါင်း | |

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

☆ စာမျက်နှာ ၉ မှ

### အပိုင်း (၄)
### ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲကိစ္စအလို့ငှာ အထက်အပိုင်းများတွင် မပါရှိသော အခြားအသုံးစရိတ်များ

| စဉ် | စရိတ်ရရှိသူ၏ အမည်နှင့် အကြောင်းအရာ | ပေးရသည့် အကြောင်းရင်း | ပေးသည့် နေ့စွဲ | ပြေစာ အမှတ် | ပေးငွေ | မပေးရ သေးသော ငွေ |
|---|---|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) |
| | | | | | ကျပ် | ကျပ် |
| | | | | စုစုပေါင်း | | |

စုစုပေါင်းပေးငွေ ( စာသားဖြင့် ) ကျပ်----------------------------------------------------------

စုစုပေါင်းမပေးရသေးသောငွေ ( စာသားဖြင့် ) ကျပ် ----------------------------------------

### အပိုင်း (၃)
### စရိတ်စုစုပေါင်း

| အပိုင်း | ပေးပြီးငွေ | မပေးရသေးသောငွေ | စုစုပေါင်း |
|---|---|---|---|
| (၁) | (၂) | (၃) | (၄) |
| က --- --- --- | ကျပ် | ကျပ် | ကျပ် |
| ခ --- --- --- | | | |
| ဂ --- --- --- | | | |
| ဃ --- --- --- | | | |
| င --- --- --- | | | |
| စ --- --- --- | | | |
| ဆ --- --- --- | | | |
| ဇ --- --- --- | | | |
| ဈ --- --- --- | | | |
| ည --- --- --- | | | |
| ဋ --- --- --- | | | |
| ဌ --- --- --- | | | |
| စုစုပေါင်း | | | |

### အပိုင်း (ပ)
### ရွေးကောက်ပွဲကိုယ်စားလှယ်၏ ကျမ်းကျိန်လွှာ

ကျွန်ုပ်------------------ မှတ်ပုံတင်အမှတ် ----------------------------သည် ------- --------------------------- လွှတ်တော်မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ဝင်ရောက် ရွေးကောက်တင်မြှောက်ခံသူ တစ်ဦးဖြစ်သော ---------------------------------ကခန့်ထားသည့် ရွေးကောက်ပွဲကိုယ်စားလှယ်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ရွေးကောက်ပွဲကုန်ကျစရိတ်ငွေစာရင်းများပါ စုစုပေါင်းကုန်ကျစရိတ် ----------သည် မှန်ကန်ပါသည်။ ယခုဖော်ပြပါ ကုန်ကျစရိတ်များမှ တစ်ပါး အခြားမည်သည့်စရိတ်မျှ ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ်လောင်းအတွက် ကုန်ကျခြင်းမရှိပါဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကျမ်းကျိန်ဆိုပါသည်။

ရွေးကောက်ပွဲကိုယ်စားလှယ်၏လက်မှတ်

ကျမ်းကျိန်ဆိုသူကိုသိရှိသူ
အမည်၊ ----------------------
မှတ်ပုံတင်အမှတ်၊ --------------
နေရပ်လိပ်စာ၊ -----------------
-----------------

ကျွန်ုပ်၏ရှေ့မှောက်တွင်---------- ကိုယ်တိုင် ကျမ်းကျိန်ဆိုလျက် ဝန်ခံလက်မှတ်ရေးထိုးသည်။

ရက်စွဲ၊ --------------------
ရုံးတံဆိပ်
တရားသူကြီး
အချိန် ၊ -------------------

### အပိုင်း (ဏ)
### လွှတ်တော်ကိုယ်စားလှယ်လောင်း၏ ကျမ်းကျိန်လွှာ

ကျွန်ုပ် -------------------- မှတ်ပုံတင်အမှတ် -------------------------သည် ---------- --------------------------- လွှတ်တော်မဲဆန္ဒနယ်ဆိုင်ရာ ရွေးကောက်ပွဲအတွက် ရွေးကောက်တင်မြှောက်ခံသူဖြစ်ပါသည်။ အထက်ပါရွေးကောက်ပွဲကုန်ကျစရိတ် ငွေစာရင်းများသည် မှန်ကန်ပါသည်။ ဖော်ပြပါ ကုန်ကျစရိတ်များမှတစ်ပါး အခြားမည်သည့်စရိတ်မျှ ကျွန်ုပ်အတွက် ကုန်ကျခြင်းမရှိပါဟု လေးနက်တည်ကြည်စွာ ကြေညာ၍ ကျမ်းကျိန်ဆိုပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်း၏
လက်မှတ်

ကျမ်းကျိန်ဆိုသူကိုသိရှိသူ
အမည်၊ ----------------------
မှတ်ပုံတင်အမှတ်၊ ---------------
နေရပ်လိပ်စာ၊ ------------------
-------------------

ကျွန်ုပ်၏ရှေ့မှောက်တွင်---------- ကိုယ်တိုင် ကျမ်းကျိန်ဆိုလျက် ဝန်ခံလက်မှတ်ရေးထိုးသည်။

ရက်စွဲ၊ --------------------
ရုံးတံဆိပ်
တရားသူကြီး
အချိန် ၊ --------------------

### လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းလက်ခံခဲ့သည့် သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲ၏ မှတ်ချက်

ကုန်ကျစရိတ်ငွေစာရင်းများကို နောက်ဆုံး တင်သွင်းရမည့်နေ့၊ -----------------------------------
ကုန်ကျစရိတ်ငွေစာရင်းများကို တင်သွင်းသည့်နေ့၊ ---------------------------------------------
ငွေစာရင်းများကို နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တင်သွင်းခြင်း ဟုတ်၊ မဟုတ်၊--------------

ရုံးတံဆိပ်

ရက်စွဲ၊ --------------------
-------------------------- ကော်မရှင်အဖွဲ့ခွဲ

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၉-၂၀၁၀ (စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၈။ တေးဂီတအစီအစဉ်
၈း၂၅ ၉။ "ကောင်းခြင်းဝေဖြာ"
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ Local Talent
၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၀၀ ၅။ Yan Can Cook
၁း၂၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၄၃)**
၂း၂၅ ၇။ အကပြိုင်ပွဲ
၂း၃၅ ၈။ "မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်းအကြောင်း သိကောင်းစရာ"
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၀ ၃။ အဆိုပြိုင်ပွဲ
၄း၃၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄း၄၀ ၅။ "စည်းကမ်းလိုက်နာ ဘေးကင်းကွာ"
၄း၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၅း၀၅ ၇။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၈။ တေးဂီတအစီအစဉ်
၅း၂၅ ၉။ International Science News
၅း၃၅ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ အလှုရှာမယ်လှုကမ္ဘာဝယ်
၆း၃၅ ၁၄။ **ယဉ်တစ်ကိုယ်မယ် (သဋ္ဌာနွယ်ဝင်း) (ဒါရိုက်တာ-ခေတ်ဘုန်းမို)**
၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၅)**
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "အရှက်ဦးမှာဖူးသည့်ကြာ" (ပထမပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာ တင်သန်းဦး)
၂၀။ အစီအစဉ်ပြီး၏။

## သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုးအလှတိုး

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၈-၉-၂၀၁၀(စနေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၇ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ -အဘိဓမ္မာသဒ္ဒါမြတ်ကျမ်းစာ (အပိုင်း-၁)
၇း၂၀ ၆။ ဓမ္မပူဇာတေး
၇း၂၅ ၇။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ် - အမြွာစုံထောက်(အပိုင်း-၃၉)**
၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -တိမ်ကလေးရဲ့လောင်းရိပ် (ပြေတီဦး၊ နဝရတ်၊ ပြည့်ဖူးခိုင်) (ဒါရိုက်တာ-နေပိုင်)**
၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၇၀)**
၉။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုအစီအစဉ် -နတ်ဝိညာဉ်စစ်ဆင်ရေး(အပိုင်း-၁)
၂း၅၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၄၀ ၇။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ ဆန်းနွေဦးယိမ်းအက
၇း၀၀ ၁၁။ **အလင်းရောင် (အပိုင်း-၃) (ဇာတ်သိမ်း)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ အမျိုးသားရေးတေးကဗျာ
၁၆။ နန်းရွှေပြည်(ယိမ်းအက)
၁၇။ **ရုပ်မြင်သံကြားဇာတ်လမ်း -အရှက်ဦးမှာဖူးသည့်ကြာ (အပိုင်း-၁)**
၁၈။ အငြိမ့်အဖွဲ့ဖျော်ဖြေခန်း -မြဝတီအငြိမ့်
၁၉။ သင့်အတွက်မနက်ဖြန်
၂၀။ အပိတ်နှုတ်ဆက်စကား
၂၁။ ပြီးပါပြီ။

# Heartfelt Congratulations!

၁၆-၉-၂၀၁၀ ရက် မင်္ဂလာရက်မြတ်တွင် ဧရာဝတီဘဏ်(ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်၍ များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဒါရိုက်တာအဖွဲ့**
**ဧရာဟသ်ာကုမ္ပဏီများအုပ်စု**


## အနောက်တောင်မုတ်သုံလေ ဆုတ်ခွာနိုင်

နေပြည်တော် စက်တင်ဘာ ၁၇

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မော်လိုက်မြို့တွင် ၅ ဒသမ ၀၈ လက်မ၊ မာန်အောင်မြို့တွင် ၄ ဒသမ ၈၄ လက်မ၊ ကလေးမြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၃၈ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၁ ဒသမ ၉၀ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၉၀ လက်မတို့ ဖြစ်ကြသည်။
**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။
**စက်တင်ဘာ ၁၈ ရက် ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။
**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။
**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
**စက်တင်ဘာလ တတိယ ရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။** လာမည့်သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၄၄ မှု၊ တရားခံ ၃၆၁ ဦး ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၇**

၂၀၁၀ ခုနှစ် ဩဂုတ်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၄၄ မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၄၃ မှု အလေးချိန် ၅၂ ဒသမ ၅၉၉၈ ကီလိုဂရမ်၊ ဘိန်းဖြူ ၅၄ မှု အလေးချိန် သုည ဒသမ ၁၅၉၆၆ ကီလိုဂရမ်၊ ဘိန်းဆီခဲ ကိုးမှု အလေးချိန် သုည ဒသမ ၆၁၀၃ ကီလိုဂရမ်၊ အဆင့်နိမ့်ဘိန်း ၁၅ မှု အလေးချိန် ၂၀ ဒသမ ၂၅၇၃ ကီလိုဂရမ်၊ ဆေးခြောက် ၁၅ မှု အလေးချိန် ၇ ဒသမ ၆၅၁၈ ကီလိုဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၈၂ မှု ၈၁၆၃၄ ဒသမ ၅ ပြား၊ ဘိန်းစာမှုန့် ၁၅ မှု ၁၉ ဒသမ ၄၁၀၉ ကီလိုဂရမ်၊ ဘိန်းစာရည် တစ်မှု အလေးချိန် သုည ဒသမ ၃ လစ်တာ၊ အက်ဖီဒရင်း တစ်မှု အလေးချိန် ၁ ဒသမ ၂၄ ကီလိုဂရမ်၊ ချောင်းဆိုးပျောက်ဆေးရည် နှစ်မှု အလေးချိန် ၃ ဒသမ ၅၀ လစ်တာ၊ အိုက်(စ်) အလေးချိန် သုည ဒသမ ၀၀၁၃ ကီလိုဂရမ်၊ ဘိန်းရည် တစ်မှု အလေးချိန် သုည ဒသမ ၁၄၇၆၃ လစ်တာ၊ ဒိုင်ယာဇီပမ်ထိုးဆေး တစ်မှု ၄ ပုလင်း၊ မော်ဖင်းထိုးဆေး တစ်မှု ၅ ပုလင်း၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု နှစ်မှု ဖမ်းဆီးရမိခဲ့သည်။

အမှုပေါင်း ၂၄၄ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား၂၉၆ ဦးနှင့် တရားခံ မ ၆၅ ဦး စုစုပေါင်း ၃၆၁ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

## ခြင်ဆေးခွေနှင့် ပတ်သက်သည့်သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့် ထုတ်လုပ်ထားသည့် ခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများကို ပြည်သူများ သုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ် သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

ဓာတ်ခွဲခန်းတွင် စစ်ဆေးတွေ့ရှိချက်အရ ပြည်ပမှ တင်သွင်းသော ကျင်းထုံခြင်ဆေးခွေတွင် မြန်မာနိုင်ငံ၌ တရားဝင်မှတ်ပုံတင် တင်ပြထားခြင်းမရှိသော Meper Fluthrin အမျိုးအစား ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ ပါဝင်မှုပမာဏမှာလည်း ကျင်းထုံ အပြာရောင်ဘူးတွင် သုည ဒသမ ဝ၆၄၁ ရာခိုင်နှုန်း၊ အနီရောင်ဘူးတွင် သုည ဒသမ ၁၁၅၉ ရာခိုင်နှုန်း၊ အစိမ်းရောင်ဘူးတွင် သုည ဒသမ ၁၁၂၉ ရာခိုင်နှုန်းပါဝင်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့် ပမာဏ သုည ဒသမ ၁၄ ရာခိုင်နှုန်းထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။

တရားမဝင် တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသော ခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ပမှ တင်သွင်းလာသော ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့် တင်သွင်း၊ ရောင်းချ၊ဖြန့်ဖြူးမှုများကို တွေ့ရှိပါက သိမ်းဆည်းနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့**
**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



**မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးကို နှစ်စဉ်တိုး၍ ဖြန့်ဝေဆောင်ရွက်လျက်ရှိရာ အောင်ဆန်းရပ်ကွက်၌ လေးလက်မ စက်ရေတွင်း လေးတွင်း တူးဖော်ပြီး ဂါလန် ၆၀၀၀ ဆံ့ အမြင့်တင် ကွန်ကရစ်ရေစင် တည်ဆောက်ဖြန့်ဝေမည့် လုပ်ငန်းခွင်သို့ စက်တင်ဘာ ၁ ရက်က မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူး ဦးမင်းအောင်မြင့်စိုး ကွင်းဆင်းစစ်ဆေးရာ အဖွဲ့တာဝန်ခံအင်ဂျင်နီယာ ဦးညီညီသန့် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်

**ကဝ စက်တင်ဘာ ၁၇**

စက်တင်ဘာ ၃ ရက်က ကဝမြို့ ပဲခူးလမ်းမကြီးတစ်လျှောက် လမ်းဘေးဝဲ၊ယာ ပေါင်းမြက်များရှင်းလင်းခြင်း၊ ရေမြောင်းများတူးဖော်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

## စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ပွဲ အိမ်မဲ၌ ကျင်းပ

**အိမ်မဲ စက်တင်ဘာ ၁၇**

မြောင်းမြခရိုင် အိမ်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှု၊ အိမ်မဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်းကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက အိမ်မဲမြို့နယ် ဘုရားကြီးကုန်းကျေးရွာအုပ်စု၌ ကျင်းပရာ အိမ်မဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်ထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးကောင်ရေ ၇၆၅၀၀ ကို စပါးခင်းများအတွင်း မျိုးစိုက်ထည့်ကြသည်။ **(အောက်ပုံ)** (ငါးလုပ်ငန်း)

**ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့ပြ ငွေလုံးငွေရင်း လုပ်ငန်းဖြစ်သော စာတိုက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်ကြစဉ်။** (ကြေးမုံ)

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် ဩဂုတ် ၇ ရက်က မတ္တရာမြို့ မြို့မဈေးအတွင်း၌ ရှိသော အိမ်သုံးဆား အရောင်းဆိုင်များတွင် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းကို မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒေါ်လှဲလှဲစိုးနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဈေးအကျိုးဆောင်အဖွဲ့များဖြင့် ကွင်းဆင်းစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေ အတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယ အတွင်းရေးမှူး H.E. Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင် ဟိုတယ်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ အလည်အပတ်ခရီး ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးရုံး၏ အတွင်းရေးမှူးနှင့် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ စည်းကမ်းထိန်းသိမ်းရေး ဗဟိုကော်မရှင် ဒုတိယအတွင်းရေးမှူး H.E.Mr. He Yong ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးအား ယနေ့ ညနေ ၆ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင် ဟိုတယ်၌ လာရောက်တွေ့ဆုံသည်။**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေးနှင့်အတူ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး **စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍**

**ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက် အမှတ်(၃/၂၀၁၀) ကို စာမျက်နှာ ၈၊ ၉၊ ၁၀ တွင် ဖော်ပြထားပါသည်။**